# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 3 , 2024 Volume 77, Number 3

၃.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၅၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၈.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## တစ်တန်ကို သိန်း ၃၀ ကျော်အထိ ပြန်ရောက်ရှိလာတဲ့ မတ်ပဲ

မတ်ပဲက မတ်လ နောက်ဆုံးပတ်မှာ အတက်အကျ အနည်းငယ်ရှိခဲ့ပေမဲ့ ဧပြီ လ ၁ ရက်နေ့မှာတော့ တစ်တန်ကို သိန်း ၃၀ ကျော်ထိ ဈေးမြင့်တက်လာခဲ့ပါတယ်။

လက်ရှိမှာတော့ အိန္ဒိယနိုင်ငံရဲ့ ပဲဈေးကွက်အခြေအနေတွေကိုလည်း စောင့်ကြည့်နေပြီး ပုံမှန်တင်ပို့မှုအတွက်သာ အရောင်းအဝယ်ရှိနေကြပါတယ်။

အိန္ဒိယနိုင်ငံမှာလည်း ပွဲတော်အပြီး ဈေးအေးသွားသလိုပြည်တွင်းမှာလည်း လပြည့်ပွဲတော်ပိတ်ရက်တွေနဲ့ ဈေးအေးနေတဲ့အနေအထားကြောင့် ပြည်တွင်းမှာတော့ တစ်ပတ်တာလုံး ဆက်လက်မြင့်တက်လာမလားဆိုတာကတော့ စောင့်ကြည့်ရမယ့် အခြေအနေဖြစ်ပါတယ်။ ပိတ်ရက်နီးလာတဲ့နဲ့အမျှ သယ်ယူပို့ဆောင်ရေးအခြေအနေတွေကြောင့် ပဲဈေးက ပြန်တက်နိုင်မယ်လို့ ကုန်သည်တွေက ခန့်မှန်းထားကြပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၀၄၀,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁ သိန်းကျော် ပြန်လည်မြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၂၈၅,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၁,၁၅,၀၀၀ ကျပ်ဈေးတက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၄၉၀၀ မှ ၄၄,၉၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၀ ကျပ်ဈေးတက်လာပါတယ်။

**ဈေးကွက်အခြေအနေ စောင့်ကြည့်ဝယ်ယူနေတဲ့ ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့ တစ်ပတ်လုံး အမြင့်ဈေးနဲ့ရှိနေတာဖြစ်ပါတယ်။ ဈေးတွေကျဆင်းနေတာဖြစ်ပြီး လှောင်လက်တွေ လက်ထဲမှာသာ ပဲတွေကရှိနေတာဖြစ်တဲ့အတွက် အရောင်းအဝယ်ကတော့ အေးနေတဲ့အခြေအနေလို့သိရပါတယ်။

မြန်မာ့ပဲစင်းငုံနီကတော့ လတ်တလောအခြေအနေအရ အတက်ဈေးကို ရောက်ရှိနိုင်သေးမှာမဟုတ်ပါဘူးလို့ ကုန်သည်အချို့က ခန့်မှန်းထားပေမယ့် ပိတ်ရက်ကာလရောက်တော့မှာဖြစ်လို့ အနည်းငယ်ဈေးပြန်လှုပ်ခတ်လာတာလို့လည်း ဆိုပါတယ်။

ဒီတစ်ပတ် ရန်ကုန်ဈေးကွက်မှာ ပဲစဥ်းငုံနီတစ်တန်ကို ကျပ် ၃,၈၀၀,၀၀၀ ကျပ် ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ် နဲ့ယှဉ်ရင် တစ်တန်ကို ၇၀,၀၀၀ ကျပ် ဈေးတက်လာပါတယ်။

**အကျဈေးနဲ့ရှိနေတဲ့ ပြောင်းဆန်**

ပြောင်းကတော့ ဈေးကျဆင်းပါတယ်။ ထိုင်းနိုင်ငံရဲ့ ပြောင်းတင်သွင်းမှုကို ပိတ်ပင်သွားမယ်လို့ ထုတ်ပြန်ချက်ရဲ့နောက်ဆက်တွဲကြောင့် ကျဆင်းသွားတယ်လို့ ကုန်သည်အချို့က ခန့်မှန်းပေမယ့် လက်ရှိမှာတော့ လမ်းပန်းဆက်သွယ်ရေး အခြေအနေတွေကြောင့် တင်ပို့မှုကလည်းနည်းပြီး ဈေးကလည်း ဆက်တိုက်ကျဆင်းသွားခဲ့တာဖြစ်ပါတယ်။

ထိုင်းထုတ်ပြန်ချက်ဟာ လက်ရှိမှာ သတိပေးချက်အနေနဲ့သာဖြစ်ပေမယ့် အမှန်တစ်ကယ်ပိတ်လိုက်ပါက ဈေးတွေ ယခုပေါက်ဈေးထက် ကျဆင်းသွားမှာကိုစိုးရိမ်ပြီး အများအပြားရောင်းချတာတွေကြောင့် ဈေးကပိုပြီး ကျဆင်းသွားတာဖြစ်တယ်လို့ ပြောင်းကုန်သည်အချို့ကဆိုပါတယ်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၇၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဈေးကွက်အတွင်း စီပီပြောင်းနဲ့ရှမ်းပြောင်းက တစ်အိတ်ကို ၅၀,၀၀၀ ပတ်ချာလည်ရှိနေပြီး ဇမာပြောင်းကတော့ တစ်အိတ်ကို ၄၇,၀၀၀ မှ ၄၉,၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။

**ကြက်သွန်နီဈေးက ကျဆင်းပေမယ့် ကြက်သွန်ဖြူကတော့ ဈေးပြန်မြင့်တက်လာ**

ကြက်သွန်နီကတော့ ၂ ပတ်ဆက်တိုက်ဈေးကျဆင်းနေခဲ့ပါတယ်။ နေ့စဉ်ပိဿာချိန် ၃ သိန်းနီးပါး ကားအစီးရေ ၅၀ အထိ အဆမတန်ဝင်ရောက်နေတာဖြစ်တဲ့အတွက် ဈေးကဆက်တိုက် ကျဆင်းနေတာဖြစ်ပါတယ်။

အဝင်များရင် ဈေးကျဆင်းတက်တာဖြစ်လို့ အဝင်ထိန်းဖို့ ကုန်သည်ကြီးတွေက တိုက်တွန်းပေမယ့်လည်း နယ်စုံကနေ ဝင်ရောက်နေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကြက်သွန်နီဆိပ်ဖြူ မြစ်သား၊ တောင်တွင်း၊ မြင်းခြံ ၊ မုံရွာတို့ကနေ အဝင်ရှိနေပြီး တစ်ပိဿာကို ၁၇၀၀ မှ ၃၁၀၀ ကြားရှိကာ တစ်ပိဿာကို ၂၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

ကြက်သွန်ဖြူကတော့ ဆက်တိုက်ဈေးကျဆင်းခဲ့ရာမှ တစ်ပတ်အတွင်း ဈေးတွေပြန်မြင့်တက်လာခဲ့ပါတယ်။ ဈေးကွက်ထဲ အဝင်နည်းသွားပြီး အကျ ဈေးနဲ့ အဝယ်ပြန်လိုက်လာတဲ့အတွက် ဈေးက ပြန်မြင့်တက်လာတာလို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ တစ်ပိဿာကို ၇၅၀၀ မှ ၉၀၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀၀ လောက် ဈေးပြန်မြင့်တက်လာပါတယ်။

ကြူကုတ်ကလည်း ဈေးကွက်ထဲ အဝင်နည်းလို့ တစ်ပိဿာကို ၁၀၃၀၀ မှ ၁၀၅၀၀ ကြားရှိနေပြီး တစ်ပိဿာကို ၇၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

Source: AMIA

#Awba

## ကြက်သွန်ဈေးများ ကျဆင်းလာ




လက်ရှိ နွေကြက်သွန်နီများ ဈေးကွက်သို့ဝင်ရောက်မှုများလာသည့် အတွက် ကြက်သွန်ဈေး ကျဆင်းနေကြောင်း ကြက်သွန်ကုန်သည်များ ထံမှ သိရသည်။

ကြက်သွန်နီကို ၁၁ လပိုင်း နှင့် ၁၂ လပိုင်းမှာ စတင်စိုက်ပျိုးကြပြီး ၄ လပိုင်းတွင် နွေကြက်သွန်များပေါ်လေ့ရှိကြောင်း သိရသည်။

အခုချိန်က ကြက်သွန်နီလှိုင်တဲ့အချိန် ပြီးတော့ ကြက်သွန်ဖြူ ရေတ်အစုံ ပဲလှိုင်တဲ့အချိန်ဈေးတွေကျလာတယ်။ ဒါကြောင့် ဈေးကွက် ကို အဝင်များပြီး ဈေးတွေပြန်ကျသွားတဲ့သဘောပါ။ အခု ဘုရင့်နောင် ကုန်စည်ဒိုင်မှာလည်း ကြက်သွန်တွေ အဝင်များနေတယ်။ ဘုရင့်နောင် ကုန်စည်ဒိုင်မှ စားဖိုဆောင်သီးနှံ ကုန်သည်တစ်ဦးကပြောသည်။

ယခင်က ဆိပ်ဖြူတစ်ပိဿာလျှင် ၂၈၀၀ အထိရှိခဲ့ပြီး မြစ်သား တစ်ပိဿာလျှင် ၃၅၀၀ အထိ အမြင့်ဈေးတွင်ရှိခဲ့ကြောင်းသိရသည်။ သို့သော် လက်ရှိဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆိပ်ဖြူတစ်ပိဿာလျှင် ၁၆၀၀ ကျပ် မှ ၂၁၀၀ ကျပ်သာရှိပြီး မြစ်သားတစ်ပိဿာလျှင် ၂၃၀၀ ကျပ်မှ ၃၀၀၀ ကျပ်သာ ပေါက်ဈေးရှိကြောင်းသိရသည်။

လက်ရှိ ဈေးကွက်တွင် ဈေးကျနေသည့်အတွက် လှောင်ရန်ဝယ်ယူမည့် ကုန်သည်များရှိနေသည့်အတွက် အရောင်းအဝယ် ကောင်းနေပြီး ဈေးနှိမ်ဝယ်ယူမှုများလည်းရှိကြောင်း တောင်သူတစ်ချို့ကပြောသည်။

ကြက်သွန်ဈေးလေးတက်နေလို့ပျော်နေတာ အခုကိုယ်တွေ ကြက်သွန်ပေါ်မှာ ဈေးကျသွားတယ်။ အခုက အကျဈေးနဲ့ အရောင်းဝယ်ဖြစ်နေတယ်။ ကြက်သွန်နီတွေကို ပွဲရုံတွေကတစ်ဆင့် ရန်ကုန်၊ ပြည်၊ အောင်လံမြို့များသို့ တင်ပို့ရောင်းချ နေကြတယ်”ဟု ရေနံချောင်းမှ ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

အချို့နယ်ဒေသများတွင် တောဈေး ကြက်သွန်တစ်ပိဿာလျှင် ၁၀၀၀ မှ ၁၅၀၀ အတွင်း ရောင်းချမှုများလည်းရှိကြောင်း သိရသည်။

လတ်တလောတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်သွင်းအားစုများ ဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများစွာရှိ ကြောင်း သိရသည်။

ယခင် ရာသီဥတုအခြေအနေများကြောင့် အိန္ဒိယနိုင်ငံမှ မှီခိုဝယ်နေသည့်နိုင်ငံများမှ မြန်မာနိုင်ငံဘက်သို့ ပြောင်းလဲဝယ်ယူမှုများရှိခဲ့သည့်အတွက် ဈေးတန်းတခုသို့ရောက်ရှိခဲ့ပြီး လက်ရှိကြက်သွန်အသစ်များပေါ်တော့မည်ဖြစ်၍ ဈေးကျခြင်းလည်း

ဖြစ်ကြောင်း သုံးသပ်ကြသည်။

**Source: AMIA**

https://t.me/htwettoe

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ်နှိုင်းယှဉ်မှုအခြေအနေ

ဧပြီလ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူ၊ မြေပဲဆီဆန်ဖြူဈေးနှုန်းများဈေးငြိမ်၍ နှမ်းညိုဈေး အနည်းငယ်ကျဆင်းနေပြီး နှမ်းနက်နှင့်နှမ်းဖြူဈေးနှုန်းများ အနည်းငယ်မြင့်တက်နေကြောင်းသိရသည်။ ဧပြီလပထမပတ်တွင် နှမ်းညိုတစ်တင်းလျှင် ၉၄,၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၁၁၀,၀၀၀-၁၂၅,၀၀၀ ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် ၁၁၅,၀၀၀-၁၂၀,၀၀၀ ကျပ်ဖြစ်ကာ ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညိုတစ်တင်းလျှင် ၉၆,၀၀၀ ကျပ်၊ နှမ်းဖြူတစ်တင်းလျှင် ၁၁၂,၀၀၀-၁၁၈,၀၀၀ ကျပ်၊ နှမ်းနက်တစ်တင်းလျှင် ၁၁၀,၀၀၀-၁၂၀,၀၀၀ ကျပ်ရှိ၍ ယခင်အပတ် ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက နှမ်းညို တစ်တင်းလျှင် ၂၀၀၀ ကျပ်ကျဆင်းနေပြီး နှမ်းနက်တစ်တင်းလျှင် ၅၀၀၀ ကျပ်နှင့် နှမ်းဖြူတစ်တင်းလျှင် ၂၀၀၀ ကျပ် မြင့်တက်နေကြောင်းသိရသည်။

ဧပြီလ ပထမပတ်တွင် မြေပဲလုံးဆံပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆံနီ တစ်ပိဿာ ၇၁၀၀-၇၂၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၆၅၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၆၃၀၀ ကျပ်ရှိပြီး ယခင်အပတ် ကာလတူပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၇၀၀၀-၇၂၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၆၃၀၀-၆၅၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၆၂၀၀-၆၃၀၀ ကျပ်၊ ကာလတူ အချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲလုံးဆန်နီ/ဖြူနှင့် ဆီဆန်ဈေးနှုန်းများ ငြိမ်နေကြောင်းသိရသည်။ ယခုတစ်ပတ်တွင် ပဲဆီတစ်ပိဿာ ၁၃,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၃,၀၀၀ ကျပ်ဖြစ်ပြီး ပဲဖတ်တစ်ပိဿာ ၂၈၇၅ ကျပ်၊ နှမ်းဖတ်တစ်ပိဿာ ၂၃၀၀ ကျပ်၊ နေကြာဖတ်တစ်ပိဿာ ၁၆၃၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်း သိရသည်။

**Source: myantrade.com.mm**

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ခနိချပ်ရေ ၄၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ခနိချပ်ရေ ၄၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်ကပြောပြ၍သိရသည်။ ဘိုကလေးမြို့နယ်သည် ခနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ခနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ခနိချပ်ရေ ၂၇၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတွင် ခနိချပ်ရေ ၄၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်းသိရသည်။

"ဘိုကလေးမြို့နယ် တောင်သူတွေက စပါးနဲ့အခြားသီးနှံတွေအပြင် ခနိကိုလဲစိုက်ပျိုးလျက်ရှိပါတယ်။ ခနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်းတစ်ခုထဲမှာ အပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာ ရန်ကုန်ဈေးကွက်က ခနိဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ဒေသခံခနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ခနိထိုးလုပ်သားတွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိလာပါတယ်" ဟု ဘိုကလေးမြို့နယ် ခနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်ကပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ခနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက ခနိများကိုအများစု စိုက်ပျိုးထားကြောင်း၊ အဆိုပါ ခနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိဈေးပေါက်နေကြောင်း၊ ထိုသို့ ခနိချပ်များဝယ်ယူမှု အားကောင်းလာခြင်းကြောင့် ခနိစိုက်ပျိုးရေးလုပ်ငန်းများ၊ ခနိထိုးလုပ်သားများ၊ ခနိပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ်နှိုင်းယှဉ်မှုအခြေအနေ

ဧပြီလ ပထမပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင် အရောင်းအဝယ်ဖြစ်လျက်ရှိသော လယ်ယာထွက်ကုန်သီးနှံများဖြစ်သော ပြောင်းနီဈေးငြိမ်၍ ပဲလွန်းပြာဈေးအနည်းငယ်ကျဆင်းနေပြီး ဂျုံဖြူသန့်၊ ဂျုံထွက်တိုး၊ ပဲနီလုံးကြား၊ ပဲနီလုံးရိုးရိုး၊ ပဲကြီး၊ မတ်ပဲ၊ ပုဂံပဲ၊ ပဲတီစိမ်းသေး၊ ပဲစင်းငုံ၊ ပဲယင်းဝါ၊ ပြောင်းဖူးစေ့၊ ကုလားပဲဖြူလုံးကြီး၊ ကုလားပဲဖြူလုံးသေး၊ ကုလားပဲ 929 ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်းပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၅၀,၀၀၀–၅၂,၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၄၂,၀၀၀)ကျပ်၊ ပဲကြီး (၈၆,၀၀၀–၈၉,၀၀၀)ကျပ်၊ မတ်ပဲ(၈၀,၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈,၀၀၀–၅၀,၀၀၀)ကျပ်၊ ပဲစင်းငုံ (၁၂၀,၀၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၄၆,၀၀၀)ကျပ်၊ ပဲနီလုံးကြား (၅၂,၀၀၀) ကျပ်၊ ပဲယင်းဝါ (၄၃,၀၀၀–၄၅,၀၀၀)ကျပ်၊ ပုဂံပဲ (၉၀,၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၄,၇၀၀)ကျပ်၊ ပြောင်းနီ (၂၂,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးကြီး (၇၉,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၈၀,၅၀၀)ကျပ်၊ ကုလားပဲ 929 (၇၇,၀၀၀) ကျပ်၊ ပဲလွန်းပြာ (၅၇,၀၀၀)ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။ ယခင်အပတ် ကာလတူအချိန်ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၅၁,၀၀၀)ကျပ်၊ ဂျုံထွက်တိုး (၄၀,၅၀၀)ကျပ်၊ ပဲကြီး (၈၄,၀၀၀–၈၇,၀၀၀)ကျပ်၊ မတ်ပဲ (၈၄,၀၀၀)ကျပ်၊ ပဲတီစိမ်းသေး (၄၈,၀၀၀) ကျပ်၊ ပဲစင်းငုံ (၁၁၄,၅၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၄၃,၀၀၀) ကျပ်၊ ပဲနီလုံးကြား (၄၈,၀၀၀) ကျပ်၊ ပဲယင်းဝါ (၄၀,၀၀၀–၄၁,၀၀၀)ကျပ်၊ ပုဂံပဲ (၈၅,၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၄,၂၀၀)ကျပ်၊ ပြောင်းနီ (၂၂,၀၀၀) ကျပ်၊ ကုလားဖြူလုံးကြီး (၇၅,၀၀၀)ကျပ်၊ ကုလားပဲဖြူလုံးသေး (၇၆,၀၀၀)ကျပ်၊ ကုလားပဲ 929 (၇၄,၀၀၀)ကျပ်၊ ပဲလွန်းပြာ (၅၈,၀၀၀)ကျပ် ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ဂျုံဖြူသန့်တစ်တင်းလျှင် (၁၀၀၀)ကျပ်၊ ဂျုံထွက်တိုး တစ်တင်း (၁၅၀၀)ကျပ်၊ ပဲကြီး တစ်တင်းလျှင် (၂၀၀၀) ကျပ်၊ မတ်ပဲ တစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ပဲတီစိမ်းသေး တစ်တင်းလျှင် (၂၀၀၀) ကျပ်၊ ပဲစင်းငုံ တစ်တင်းလျှင် (၅၅၀၀) ကျပ်၊ ပဲနီလုံးရိုးရိုး တစ်တင်းလျှင် (၃၀၀၀)ကျပ်၊ ပဲနီလုံးကြား တစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ပဲယင်းဝါ တစ်တင်းလျှင် (၄၀၀၀)ကျပ်၊ ပုဂံပဲ တစ်တင်းလျှင် (၅၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ တစ်တင်းလျှင် (၅၀၀) ကျပ်၊ ကုလားပဲဖြူလုံးကြီး တစ်တင်းလျှင်(၄၀၀၀) ကျပ်၊ ကုလားပဲဖြူလုံးသေး တစ်တင်းလျှင် (၄၅၀၀)ကျပ်၊ ကုလားပဲ 929 (၃၀၀၀)ကျပ်နှုန်းမြင့်တက်နေပြီး ပဲလွန်းပြာ တစ်တင်း (၁၀၀၀)ကျပ်နှုန်း ကျဆင်းနေကြောင်းသိရသည်။

**Source: myantrade.gov.mm**

## AI Safety နှင့်ပတ်သက်၍ အမေရိကန်–ဗြိတိန်နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်

AI Safety နှင့်ပတ်သက်၍ အမေရိကန်–ဗြိတိန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (U.S. Department of Commerce) ၏ ဝက်ဘ်ဆိုက်တွင် ၂–၄–၂၀၂၄ ရက်နေ့၌ "U.S. and UK Announce Partnership on Science of AI Safety" ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အမေရိကန်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့သည် ဉာဏ်ရည်တုနည်းပညာများနှင့်ပတ်သက်၍ AI Models အဆင့်မြင့်နည်းပညာများ စမ်းသပ်ဆောင်ရွက်ရာတွင် နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်သွားမည့် နားလည်မှုစာချွန်လွှာ (Memorandum of Understanding – MOU) ကို ၁–၄–၂၀၂၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ အဆိုပါ နားလည်မှုစာချွန်လွှာကို အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Gina Raimondo နှင့် ဗြိတိန်နိုင်ငံနည်းပညာဝန်ကြီး Ms. Michelle Donelan တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး ယင်းစာချွန်လွှာအရနှစ်နိုင်ငံ၏ သိပ္ပံကဏ္ဍတွင်အတူတကွ ပူးပေါင်းဆောင်ရွက်ရန်နှင့် AI models Systems နှင့် Agents ကဏ္ဍတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ နားလည်မှုစာချွန်လွှာသည် ချက်ချင်းအာဏာအသက်ဝင်မည်ဖြစ်ကာ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Gina Raimondo က အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးခိုင်မြဲစေရန်နှင့် AI Safe ဖြစ်စေရန် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AI ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးသည် ကမ္ဘာလုံးဆိုင်ရာကိစ္စရပ်ဟု အမေရိကန်နိုင်ငံနှင့်ဗြိတိန်နိုင်ငံတို့က ယူဆကြပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုကိုရှေးရှုလျက် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့၏ ပူးပေါင်း

ဆောင်ရွက်မှုသည် AI models ၊ Systems တို့နှင့် ပတ်သက်၍ ဖြစ်လာနိုင်ခြေရှိသည့် အန္တရာယ်များနှင့် AI Safety and Security ကဏ္ဍရှိ နည်းပညာဆိုင်ရာသုတေသနအချက်အလက်များကို နှစ်နိုင်ငံအကြား ဝေမျှသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:**https://www.commerce.gov/news/press-releases/2024/04/us-and-uk-announce-partnership-science-ai-safety

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

## ဗီယက်နမ်ဆန်အမျိုးအစားကြောင့် ထိုင်းပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းကျဆင်းမှုဖြစ်လာစေနိုင်

ဈေးကွက်သဘောတရားများနှင့် ဗီယက်နမ်ဆန်အမျိုးအစား ပိုလျှံနေမှုကြောင့် ဧပြီလတွင်စတင်တော့မည့် စိုက်ပျိုး ရာသီတွင် ဆန်ဈေးနှုန်း သိသိသာသာကျဆင်းနိုင်ကြောင်း ထိုင်းစိုက်ပျိုးရေးပညာရှင်အသင်းက ပြောကြားလိုက်သည်။

ဖေဖော်ဝါရီလတွင် ကုန်ဆုံးခဲ့သည့် ပထမသီးနှံရာသီတွင် ဆန်ဝယ်လိုအား ကြီးမားခဲ့မှုကြောင့် ဗဟိုဈေးကွက်တွင် ဆန်ဈေးနှုန်းသည် ၁ တန်လျှင် ဘတ် ၇,၀၀၀- ဘတ် ၈,၀၀၀ မှ ဘတ် ၁၂,၀၀၀- ဘတ် ၁၃,၀၀၀ ထိ မြင့်တက်ခဲ့ပြီး ဆယ်စုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဈေးနှုန်းကျဆင်းလာသဖြင့် ဒုတိယသီးနှံရာသီ၌ တောင်သူများအတွက် စိုးရိမ်စရာအခြေအနေဖြစ်လာနိုင်ပါကြောင်း၊ အဓိကအကြောင်းအရင်းမှာ ထွက်နှုန်းမြင့်မားပြီး စိုက်ပျိုးချိန်တိုတောင်းရုံသာမက ရာသီဥတု ဒဏ်ခံနိုင်သော Khao Hom Phuang သို့မဟုတ် စပယ် ၈၆ ဗီယက်နမ်ဆန်အမျိုးအစားကို လူကြိုက်များလာခြင်းကြောင့်ဖြစ်ကြောင်း အသင်း၏ဥက္ကဋ္ဌ Mr. Pramote Charoensilp က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၌ ယခုရာသီအတွင်း ဗီယက်နမ်အမျိုးအစား ရိုင် (Rai) သန်းချီ စိုက်ပျိုးနိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ထိုင်းဆန်စက်အသင်းက အဆိုပါအမျိုးအစားသည် အဖြူမှိုင်းအရောင်ဖြစ်ပြီးကြိတ်ခွဲပါက အလွယ်တကူကျိုးပဲ့သည်ဟု ပြောကြားပါကြောင်း၊ အသင်းအနေဖြင့် တောင်သူများကို ယင်းစပါးအမျိုးအစားမစိုက်ပျိုးရန် တိုက်တွန်းလိုပါကြောင်း၊ ဆန်ဈေးနှုန်းကျဆင်းရခြင်း၏ အခြားသောအကြောင်းအရာများနှင့် ထိုင်းနိုင်ငံတွင်း အခြားသော နိုင်ငံခြားဆန်မျိုးစိတ်များ စိုက်ပျိုးနေခြင်းရှိ/မရှိ ပြည်တွင်းကုန်သွယ်ရေးဦးစီးဌာနမှ စုံစမ်းစစ်ဆေးပေးစေလိုကြောင်း ဥက္ကဋ္ဌက ဆက်လက်ပြောကြားခဲ့သည်။

ဗီယက်နမ်ဆန်အမျိုးအစားသည် ဌာနတွင်မှတ်ပုံတင်ထားခြင်းမရှိသေးပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် တောင်သူများ၏ လိုအပ်ချက်အတိုင်း မျိုးစေ့မထောက်ပံ့ပေးနိုင်သဖြင့် နိုင်ငံခြားမျိုးများကို အစားထိုးစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း၊ ဦးစီးဌာနအနေဖြင့်လည်း ထိုင်းဆန်မျိုးကွဲများကို လူကြိုက်များလာစေရေးအတွက် ကြိုးပမ်းလျက်ရှိပါကြောင်း ဆန်ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် Mr. Natthakit Khongthip က ဖြည့်စွက်ပြောကြားခဲ့သည်။

ကမ္ဘာ့ဆန်တင်ပို့မှုတွင် အဆင့် ၂ နေရာတွင်ရှိသော ထိုင်းနိုင်ငံ၏ ဆန်စပါးကဏ္ဍတွင်လည်း မျိုးစေ့မလုံလောက်မှု အခြေအနေကြုံတွေ့နေရကြောင်း တွေ့ရှိရပါသည်။ သို့သော် ထိုင်းနိုင်ငံသည် ဆန်အတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုတိုးတက်မှု ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဆန်တင်ပို့သူ ထိပ်တန်းစာရင်းတွင်ပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source:** www.bangkok.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

# STOCK EXCHANGE (3.4.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 150 | 1,260,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 233 | 665,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 0 | 0 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,518 | 3,794,850 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 226 | 392,950 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 13 | 60,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1,111 | 2,055,350 | 23,804,946 | 44,039 |


YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 3rd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 150 | 1,260,000 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 233 | 665,550 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,500 | 1,500 | 1,500 | 0 | 0 | 29,664,613 | 44,497 |
| TMH | 00005 | 2,450 | -50 | -2.00% | 2,500 | 2,500 | 2,450 | 1,518 | 3,794,850 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 226 | 392,950 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +0 | +0.00% | 4,700 | 4,700 | 4,600 | 13 | 60,600 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 1,111 | 2,055,350 | 23,804,946 | 44,039 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 3rd Apr. 2024

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

### Main Board

As of 1:00 pm, 3rd Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 33,251 (Shares) | 93,729,300 (MMK) |

| MYANPIX | 358.12 ▼ 0.34 |
|---|---|
| Total Volume (shares) | 3,251 |
| Total Value (MMK) | 8 mil |
| Listed Company | 8 |
| Market Cap. (MMK) | 675,489 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▼ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,700 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 0 |